# သွေးသွင်းခြင်းနှင့်ပတ်သက်သည့် အချက်အလက်များ

ဤအချက်အလက်စာရွက်တွင် သင် အဘယ်ကြောင့် သွေးသွင်းရန် လိုအပ်နိုင်ဖွယ်ရှိကြောင်းနှင့် မည်သည်တို့ကို မျှော်လင့်ရမည် ဖြစ်ကြောင်း ရှင်းပြထားပါသည်။ အဘယ်ကြောင့် သင် သွေးသွင်းရန်လိုမည်ဖြစ်ကြောင်း (သို့မဟုတ် လိုကောင်းလိုနိုင်မည် ဖြစ်ကြောင်း) နှင့် သင့် ကိစ္စ၌ အခြား နည်းလမ်းများ ရှိမရှိ သင့် ဆရာဝန်နှင့် ပြောဆိုပါ။

## ကျွန်ုပ် အဘယ်ကြောင့် သွေးသွင်းရန် လိုအပ်နိုင်ဖွယ်ရှိသနည်း။

အကယ်၍ အောက်ပါတို့ဖြစ်လျှင် သင်သည် သွေးသွင်းရန် လိုအပ်ကောင်း လိုအပ်နိုင်သည်-

> သင်သည် ခွဲစိတ်ကုသရာ၌၊ ကလေးမွေးဖွားရာ၌ သို့မဟုတ် ကြီးကျယ်သော မတော်တဆဖြစ်ရပ် ဖြစ်ပွားပြီးနောက် သွေးအလွန်များများ ဆုံးရှုံးခဲ့လျှင်
> သင့်တွင် anaemia (သွေးနီဥ လျော့နည်းမှု) ရှိပြီး ၎င်းကို သံဓာတ် သို့မဟုတ် အခြားသော ဗီတာမင်များဖြင့်သာ ကုသ၍ မရနိုင်လျှင်။
> သင့် ကိုယ်ခန္ဓာသည် လုံလောက်သော ကျန်းမာသည့် သွေးဆဲလ်ကလပ်စည်း အသစ်များကို မထုတ်လုပ်နိုင်လျှင်။ ၎င်းမှာ ရိုးတွင်းခြင်ဆီ ပြဿနာ သို့မဟုတ် ကင်ဆာဆေးသွင်းကုသမှု (chemotherapy) သက်ရောက်မှု တို့ကြောင့်ဖြစ်ကောင်း ဖြစ်နိုင်သည်။

## အမျိုးမျိုးသော သွေးသွင်းခြင်း အမျိုးအစားများမှာ အဘယ်နည်း။

အလှူပေးထားသည့်သွေးများကို အစိတ်အပိုင်း အမျိုးမျိုးခွဲခြား၍ အထူး အိတ်များ သို့မဟုတ် ပုလင်းများဖြင့် သိုလှောင်ထားပါသည်။ ယင်းနောက် သင့်အား သင့် ကိုယ်ခန္ဓာက လိုအပ်သည့် အစိတ်အပိုင်းကိုသာ သွင်းပေးနိုင်ပါသည်။ အစိတ်အပိုင်း 3 မျိုး တွင် ပါဝင်သည်မှာ-

> သွေးနီဥများ၊ ၎င်းသည် အောက်စီဂျင်ဓာတ်ကို အသားမျှင်များနှင့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများသို့ သယ်ဆောင်ပေးသည်။
> ပလိပ်လက် ခေါ် သွေးကလပ်စည်းများ၊ ၎င်းတို့သည် သွေးထွက်ယိုစီးသည့်အခါ သွေးတိတ်အောင်လုပ်ပေးသည်။
> ပလာစမာ ခေါ် သွေးရည်ကြည်၊  ၎င်းတွင် သွေးကိုခဲစေသည့် အကြောင်းခံများ (သွေးထွက်ယိုမှုကို သွေးတိတ်အောင် လုပ်ရန်) ပါရှိပြီး အခြား ပရိုတင်းများနှင့် ရောဂါကိုခုခံသည့် ပဋိပစ္စည်းများလည်း ပါဝင်ပါသည်။

## သွေးသွင်းခြင်း၏ အန္တရာယ် အလားအလာများမှာ အဘယ်နည်း။

ဩစတြေးလျနိုင်ငံတွင် ကမ္ဘာပေါ်ရှိ စိတ်အချရဆုံး သွေးဖြန့်ချိရေးများ အနက် တစ်ခုရှိပါသည် သို့သော် အားလုံးသော ဆေးဖက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နည်းတူ သွေးသွင်းခြင်းသည် အန္တရာယ်မှ မကင်းလွတ်ပါ။

သွေးသွင်းခြင်း၏ အဖြစ်အများဆုံး အန္တရာယ်များတွင် ပါဝင်သည်မှာ-

> အပျော့စား ကိုယ်ပူအဖျား သို့မဟုတ် အရေပြားအဖုပေါက်ခြင်းကဲ့သို့ အသေးအဖွဲ ဓာတ်မတည့်မှုများ။
> အရည်များ ပိုမိုများပြားလာခြင်း၊ ၎င်းမှာ အသက်ရှူရန် အခက်အခဲကို ဖြစ်ပေါ်စေသည်၊ အထူးသဖြင့် သက်ကြီးလူများနှင့် နှလုံးရောဂါရှိသူများတို့တွင်ဖြစ်ပါသည်။

သွေးသွင်းခြင်း၏ အလွန်နိမ့်ကျသော အန္တရာယ်များတွင် ပါဝင်သည်မှာ-

> သင်နှင့် 'လိုက်ဖက်မှု' မရှိသော သွေးကို လက်ခံရယူခြင်း။
> ပြင်းထန်သော ဓာတ်မတည့်မှုများ၊ ဥပမာ- ဓာတ်မတည့်မှု သို့မဟုတ် ရုတ်တရက် အဆုတ် ပျက်စီးခြင်း။
> ကူးစက်မှုကို ကူးစက်စေခြင်း၊ ဥပမာ- ဘက်တီးရီးယား သို့မဟုတ် ဗိုင်းရတ်စ်

ဝန်ထမ်းများကို ဓာတ်မတည့်မှုများအား အနီးကပ် စောင့်ကြည့်ရန်နှင့် လျင်မြန်စွာ တုံ့ပြန်ပေးရန် လေ့ကျင့်ပေးထားပါသည်။

## သွေးသွင်းခြင်းကို မည်ကဲ့သို့ သွင်းပေးပါသလဲ။

သွေးကို သွေးပြန်ကြောတွင်းသို့ အစက်ချသွင်းပေးသည်၊ သာမန်အားဖြင့် ပျော့ပြောင်းသည့် ပလပ်စတစ် ပိုက်ကိုသုံး၍ သင့်လက်မောင်း သို့မဟုတ် လက်တွင်ဖြစ်ပါသည်။

သွေး သွင်းခြင်း (တစ်ခါသွင်းစာ) တစ်ခုချင်းသည် 4 နာရီအထိ ကြာနိုင်ပါသည်၊ သို့သော် လိုအပ်လျှင် ပိုမိုလျင်မြန်စွာ သွင်းပေးနိုင်ပါသည်။

ဆေးဖက်ဝန်ထမ်းများသည် သွေးကိုထုတ်ယူသည့်အခါ သင် မည်သူဖြစ်ကြောင်းသက်သေခံကို အတင်းအကျပ် စိစစ်မည်ဖြစ်ပြီး သင့် သွေးသွင်းခြင်းကို မလုပ်မီ စိစစ်ဦးမည်ဖြစ်ပါသည်။ သင်သည် ID လက်ပတ်ကို ဝတ်ထားရန်နှင့် မေးသည့်အခါ သင့် အမည်အပြည့်အစုံနှင့် မွေးသက္ကရာဇ်ကို ပြောပြရန် အရေးကြီးပါသည်။ ၎င်းမှာ သင့်အား မှားယွင်းသော သွေး (တစ်ဦးတစ်ယောက် အတွက် ရည်ရွယ်ထားသည့်) ကိုသွင်းပေးမိခြင်းမှ ကာကွယ်ရန် ဖြစ်သည်။ ဝန်ထမ်းက သင် မည်သူ ဖြစ်ကြောင်း စိစစ်သည့်အခါ ပြဿနာ တစ်စုံတစ်ရာ ရှိလျှင် ရဲရဲတင်းတင်းပြောပါ။ သင့် အသေးစိတ်အချက်အလက်များမှာ (စာလုံးပေါင်း အပါအဝင်) ရာနှုန်းပြည့် 100% မှန်ကန်ကြောင်း သေချာအောင်လုပ်ပါ။

Government of South Australia
SA Health

© Department for Health & Wellbeing, Government of South Australia.
All rights reserved. *BloodSafe TP-L3-813 v2.1 2023*

## သွေးသွင်းနေစဉ် အတောအတွင်း ကျွန်ုပ် မည်သို့ ခံစားရမည်နည်း။

လူအများစုသည် ၎င်းတို့၏ သွေးသွင်းချိန်၌ ထူးထူးခြားခြား မခံစားရပါ။ တစ်ချို့မှာ အဖျားအနည်းငယ်တက်သည်၊ ချမ်းစိမ့်စိမ့် ဖြစ်သည် သို့မဟုတ် အရေပြားအဖုပေါက်သည်။ ၎င်းတို့မှာ သာမန်အားဖြင့် အပျော့စား အပြန်အလှန်ဓာတ်ပြုမှု သို့မဟုတ် ဓာတ်မတည့်မှု ကြောင့်ဖြစ်သည်။ ၎င်းကို ဆေးဝါးဖြင့် (အဖျားကျရန်) ကုသပေးနိုင်သည် သို့မဟုတ် သွေးကို ပိုမို၍နှေးကွေးစွာ သွင်းပေးခြင်းဖြင့် ကုသနိုင်သည်။

ဝန်ထမ်းများသည် သွေးသွင်းပေးနေစဉ် ပြဿနာ တစ်ခုခုအတွက် သင့်အား ဂရုစိုက် စောင့်ကြပ်ကြည့်ရှုပါမည်။ ဆိုလိုသည်မှာ သင့် နလုံးခုန်နှုန်း၊ သွေးပေါင်ချိန်နှင့် ကိုယ်အပူချိန်ကို ပုံမှန် စစ်ဆေးပေးနေမည်။ အကယ်၍ သင်သည် သွေးသွင်းနေစဉ် နေထိုင် မကောင်းဖြစ်လျှင် သင် ချက်ချင်း သူနာပြုကို အသိပေးရန် အရေးကြီးပါသည်။

## သွေးသွင်းခြင်းကို ကျွန်ုပ် ငြင်းဆိုနိုင်ပါသလား။

ကုသမှုမှာ သင့် အကြိုက်ဖြစ်ပါသည်။ သင့်တွင် ငြင်းဆိုရန် အခွင့်အရေးရှိသည်၊ သို့သော် ဤသို့ မငြင်းဆိုမီ နောက်ဆက်တွဲ ကိစ္စများကို အပြည့်အဝ နားလည်ရန် လိုအပ်ပါသည်။ အကယ်၍ သင့်တွင် သွေးသွင်းရန် လက်မခံနိုင်သည့် အကြောင်းရင်း တစ်ခုခု ရှိလျှင် ကျေးဇူးပြု၍ သင့် ဆရာဝန်ကို ယခုပင် အသိပေးပါ။

## သင့် ဆရာဝန်အား မည်သည့်အရာကို မေးရမည်

- ☐ ကျွန်ုပ် အဘယ်ကြောင့် သွေးသွင်းရန် လိုအပ်ပါသနည်း။
- ☐ ကျွန်ုပ် ကိစ္စတွင် အကျိုးကျေးဇူးများနှင့် အန္တရာယ်အလားအလာများမှာ အဘယ်နည်း။
- ☐ အခြား နည်းလမ်းများ ရှိပါသလား။
- ☐ သင် နားမလည်သည့်၊ စိုးရိမ်ပူပန်သည့် သို့မဟုတ် သင် လိုလားသည့် မည်သည့်အရာမဆို  ရှင်းပြနိုင်းပါ။

အကယ်၍ သင်သည် စီစဉ်ထားသည့် ခွဲစိတ်ကုသမှုကို ခွဲစိတ်နေသည်ဆိုလျှင်-

- ☐ သွေးသွင်းခြင်း အတွက် ကျွန်ုပ်၏ လိုအပ်ချက်ကို လျှော့ချရန် ကျွန်ုပ် လုပ်နိုင်သည့် အရာတစ်ခုခု ရှိပါသလား။
- ☐ ကျွန်ုပ် anaemic သို့မဟုတ် သံဓာတ်နည်း ဖြစ်နေပြီးလား ၎င်းကို မည်ကဲ့သို့ ကုသနိုင်ပါသလဲ။
- ☐ ဤခွဲစိတ်ကုသမှု လုပ်နေစဉ်အတွင်း ဆုံးရှုံးသွားသော ကျွန်ုပ်၏ သွေးကို ကောက်ခံထားပြီး ပြန်သွင်းပေးရန် ဖြစ်နိုင်ပါသလား။

## သင့် ဆရာဝန်အား မည်သည့်အရာကို ပြောရမည်

အကယ်၍ အောက်ပါတို့ ဖြစ်လျှင် သင်သည် သင့်ဆရာဝန်ကို ပြောရန်လိုအပ်သည်-

- ☐ သင့်တွင် သွေးသွင်းခြင်းကို လက်မခံရန်အတွက် အကြောင်းရင်းတစ်ခုခု ရှိလျှင်။
- ☐ သင့်တွင် ယခင်က သွေးသွင်းခြင်းနှင့် ပတ်သက်၍ ဓာတ်မတည့်မှု သို့မဟုတ် ပြဿနာ တစ်ခု ရှိခဲ့လျှင်။
- ☐ သင့်တွင် အထူး သွေးသွင်းရန်သတ်မှတ်ချက်များ သို့မဟုတ် လိုအပ်ချက်များ ရှိကြောင်း သင် သိနေလျှင်။
- ☐ သင်သည် သွေးထွက်ယိုစီးမှုကို တိုးပွားစေနိုင်သည့် သွေးကြဲဆေး တစ်ခုခု (aspirin, warfarin, clopidogrel, apixaban, dabigatran, rivaroxaban ကဲ့သို့ဆေးများ) ကိုသောက်သုံးနေရလျှင်။  အကယ်၍ သင် ခွဲစိတ်ကုမှုကို လုပ်ရန်ရှိလျှင် ဤဆေးဝါးများကို ခွဲစိတ်မှု မလုပ်မီ နှင့် မည်သည့်အချိန်၌ ရပ်ဆိုင်းရမည် မရပ်ဆိုင်းရမည်ကို သင့် ဆရာဝန်အား မေးပါ။ သင့် ဘေးကင်းလုံခြုံရေး အတွက် သင့်ဆရာဝန်ကသာ ဤဆုံးဖြတ်ချက်ကိုချနိုင်သည် အဘယ်ကြောင့်ဆိုသော် ရပ်ဆိုင်းလိုက်ရခြင်း ၏အန္တရာယ်များသည် ရရှိမည့်အကျိုးကျေးဇူးများထက် ပိုမိုများကောင်း များနိုင်ကြောင်း ကျေးဇူးပြု၍ မှတ်သားထားပါ။
- ☐ သင်သည် အခြား ဆေးဝါးများ (တိုင်းရင်းဆေး အပါအဝင်) နှင့် အလွတ်ဝယ်ယူ၍ရသည့် ဆေးဝါးများ (ဆရာဝန် ဆေးညွှန်းစာ မပါပဲ) တစ်ခုခုကို ၎င်းဆေးအချို့သည်လည်း သွေးကိုကြဲစေနိုင်သဖြင့် သောက်သုံးနေလျှင် တို့ဖြစ်ပါသည်။

## သွေးသွင်းခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တွင် အခြား ပူပန်မှုများ ရှိလျှင် ဘာဖြစ်မည်နည်း။

အကယ်၍ သင့်တွင် စိုးရိမ်ပူပန်မှု တစ်ခုခု ရှိလျှင် ၎င်းတို့မှာ သင့် အထင်၌ မည်မျှသေးငယ်ပါလေ့စေ သင်သည် သင့် ဆရာဝန်၊ သူနာပြု သို့မဟုတ် ဝမ်းဆွဲ အားပြောဆိုရလိမ့်မည်။

---

## ပိုမိုသော အချက်အလက်များ အတွက် -

အကယ်၍ သင့်တွင် အင်တာနက် လုပ်နိုင်ပြီး သွေးသွင်းခြင်းနှင့်ပတ်သက်၍ ပိုမိုသိရှိလိုလျှင် အောက်ပါ ဝက်ဘ်ဆိုက်သည် အသုံးဝင်ကြောင်း သင် တွေ့ရနိုင်ဖွယ်ရှိပါသည်- www.lifeblood.com.au/patients

The English language version of this document has been reviewed and endorsed by CAG* for consumers and the community – January 2023

*SA Health Community Advisory Group

Government of South Australia

SA Health

BloodSafe

လူနာနှင့်စပ်လျဉ်းသည့် အရာများကို ဝက်ဘ်ဆိုက်-
www.sahealth.sa.gov.au/bloodorgantissue

© Department for  Health and Wellbeing, Government of South Australia.
All rights reserved. *BloodSafe TP-L3-813 v2.1 2023*